ဝါးပတောကျေးရွာ

သက္ကယ်ကျွန်းအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဝါးပတောကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | ဝါးပတောကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၃ |
| | ဝါးပတောကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| ၁။ | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၆ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ |
| ၄။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| | (င) ပညာရေး | ၉ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဇ) ကျား – မ ရေးရာ | ၁၀ |
| ၅။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၁ |

နောက်ဆက်တွဲများ

| | | | |
|---|---|---|---|
| နောက်ဆက်တွဲ(၁) | – | ဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၂ |
| နောက်ဆက်တွဲ(၂) | – | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


၂

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဝါးပတောကျေးရွာ
ဇလွန်မြို့နယ်

## ဝါးပတောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



# ဝါးပတောကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်

ဇလွန်မြို့နယ်၊ သက္ကပယ်ကျွန်း ကျေးရွာအုပ်စု၊ ဝါးပတောကျေးရွာ၊ ရာသီခွင်ပြက္ခဒိန်.

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | အလွန်ပူ | အလွန်ပူ | မိုးရွာ | မိုးရွာ | မိုးရွာ | နေပူ မိုးရွာ | မိုးနည်း | မိုးနည်း နေသာ | နှင်းကျ နေပူ | နှင်းကျ နေသာ | ပူအေးမျှ | နေပူ |
| ၂ | ခိုက်ပျိုးရေး လယ်/ယာ | ရွှေစပါး ရိတ်သိမ်း | - | မိုးစပါး ပျိုးချ | စပါးစိုက် | စပါး ပေါင်းနှုတ် အာဟာရကျွေး | စပါး အာဟာရကျွေး | စပါးရိတ် သိမ်း | စပါးရိတ် မတ်ပဲမြောင်း စိုက် | မတ်ပဲ ဆေးဖြန်း | ပဲပွင့် | ပဲသီး | ပဲသိမ်း ရိုးပြောင်းသိမ်း |
| ၃ | ကျန်းမာရေး | အပူမျှား | အပူမျှား | - | ဝမ်းလျှော တုတ်ကွေး | ဝမ်းလျှော တုတ်ကွေး | - | - | - | | နှာစေး ချောင်းဆိုး | နှာစေး ချောင်းဆိုး | - |
| ၄ | အလုပ်အကိုင် | အနည်းငယ်ရှား | အနည်းငယ်ရှား | အနည်းငယ်ရှား | ကောင်း | ကောင်း | ရှား | သင့် | ကောင်း | အနည်းငယ်ရှား | အနည်းငယ်ရှား | အနည်းငယ်သင့် | ကောင်း |
| ၅ | ဝင်ငွေ/ထွက်ငွေ | ဝင် / ထွက်မျှ | ဝင်နည်း / ထွက်များ | ဝင်နည်း | ဝင်နည်း | ဝင် / ထွက်သင့် | ဝင် / ထွက်သင့် | ဝင် / ထွက်သင့် | ဝင် / ထွက်မျှ | ဝင်နည်း / ထွက်များ | ဝင်နည်း / ထွက်သင့် | ဝင် / ထွက်မျှ | ဝင် / ထွက်မျှ |
| ၆ | ပွဲတော် | သင်္ကြန်ပွဲ သင်္ကြန်ကြိုပူဇော်ပွဲ | ညောင်ရေသွန်းပွဲ | | ဝါဆိုသင်္ကန်း ကပ်ပွဲ | - | - | မီးထွန်းပွဲ | ကထိန်ပွဲ | - | - | - | |
| ၇ | မွေးမြူရေး | - | - | ငါးကန် ငါးသား ပေါက်လွှတ် | ငါးစာကျွေး | ငါးစာကျွေး | - | - | - | - | - | ငါးဖမ်း | ငါးကန်သိမ်း |
| ၈ | ခိုက်ပျိုးရေး (ခြံ) | | သစ်ပင် စိုက်ရန်မြေ ပြင် | ရာသီပင်စိုက် ကော်ဖီစိုက် ဆေးဖြန်း | ကွမ်းခူး | ကွမ်းချူ အရွက်ချူ | ရာသီပင် ချုံရှင်း | ပဲတိုင်တော် သခွား စိုက် | အာဟာရကျွေး | ရာသီပင် ချုံရှင်း | ရာသီပင် ချုံရှင်း | - | - |

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းေ ောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီ အစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

သက္ကယ်ကျွန်းအုပ်စု၊ ဝါးပတောကျေးရွာသည် ဇလွန်-ဓနုဖြူကားလမ်းမကြီးနှင့် ဆက်သွယ် ထားသော ကုန်ထုတ်လမ်းမကြီးဖြစ်သည့် ဓနုဘေး-သက္ကယ်ကျွန်းလမ်း(၄မိုင် ၇ဖာလုံ) နှင့် စစ်ကုန်း-ကြာအင်းလမ်း(၆မိုင် ၅ဖာလုံ)တို့၏ ဆုံချက်နေရာတွင်ရှိပြီး ရွာ၏အရှေ့တောင်ဘက် တွင် ရောဝတီမြစ်ကြီးနှင့် ထိစပ်လျှက် ဓနုဖြူ-ဇလွန် ရေကာတာကြီး၏ နံဘေးတွင် တည်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့သည်လည်း ရွာ၏အရှေ့ဘက် ရောဝတီမြစ်၏ အရှေ့ဘက် ကမ်းတွင် ရှိပါသည်။ ဇလွန်မြို့၊ ဓနုဖြူမြို့၊ အဖျောက်မြို့တို့နှင့် ရေကြောင်းလမ်း၊ ကုန်ကြောင်းလမ်း တို့မှ ရာသီမရွေးဆက်သွယ်သွားလာနိုင်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာကိုင်းကျွန်းနှင့် ရေလုပ်ငန်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့် ကျပန်းအလုပ်တို့ လုပ်ကိုင်ကြပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ ၄၀ လက်မ အထက်ရှိပြီး မိုးရာသီတွင် မိုးစပါး၊ ခြံဥယျာဉ်၊ ဆောင်းရာသီတွင် ပြောင်း၊ ငရုပ်၊ ပဲမျိုးစုံတို့ စိုက်ပျိုး ထွက်ရှိရာ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ရန် အဓိကအားထားရာဒေသဖြစ်ပါ သည်။

## ၃။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဝါးပတောကျေးရွာသည် မိုးစပါးကို မိုးရာသီတွင် မိုးရေလုံလောက်စွာရရှိသဖြင့် မိုးစပါးများ လည်း အောင်မြင်ဖြစ်ထွန်းပါသည်။ မိုးစပါးစိုက်ဧက(၃၀၀)ကျော်ရှိပြီး မိုးစပါးရိတ်သိမ်းပြီးလျှင် ဆောင်းသီးနှံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွန်းနှင့် နွေစပါးများလည်း စိုက်ပျိုးကြပါသည်။ ရေကာတာ အပြင်ဘက် မြစ်ဘက်အခြမ်းတွင် ကိုင်းမြေများရှိသဖြင့် ဆောင်းရာသီတွင် ပြောင်း၊ ငရုပ်နှင့် ပဲမျိုးစုံ တို့ကို စိုက်ပျိုးကြပါသည်။ ရေကာတာအတွင်းပိုင်းတွင် ဥယျာဉ်ခြံမြေဧက(၈၇)ဧကကျော်တွင် ကွမ်း၊ ရှမ်းနံနံ၊ အခြားဟင်းသီးဟင်းရွက်များကို ရာသီအလိုက်စိုက်ပျိုးကြပါသည်။ သဘာဝတွင်းထွက် သယံဇာတများမထွက်ရှိပါ။ သဘာဝငါးမျိုးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွနှင့် သဘာဝပုဇွန်မျိုးပေါက်များ ရရှိနိုင်ပါသည်။ နွားစာအတွက် လယ်ကန်သင်းများမှ မြက်များရရှိ နိုင်ပါသည်။ ဆေးဖက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာ ပေါက်ရောက်ပါသည်။

## ၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဝါးပတောကျေးရွာတွင် သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတစ်ရွာလုံးသည် ဗမာလူမျိုး များဖြစ်ကြပြီး ဗုဒ္ဓဘာသာဓမ္မာရုံ(၁)ကျောင်းရှိပါသည်။ ကျေးရွာနေလူထုသည် စည်းစည်းလုံးလုံး အပြန်အလှန်ရိုင်းပင်းကူညီကြကာ ရပ်ရေးရွာရေးတို့တွင် အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်ကြ ပါသည်။ “ရှေ့ဆောင်လူငယ်အသင်း” ဖွဲ့စည်းထားပြီး နှစ်စဉ် သက်ကြီးပူဇော်ပွဲပြုလုပ်ခြင်း၊ ဆွမ်းကပ်ခြင်းများ ပြုလုပ်ကြပါသည်။ ကျေးရွာတွင် အပန်းဖြေရန် ပန်းခြံ၊ ကျေးရွာပိုင်အားကစား ကွင်းများ သီးသန့်မရှိသော်လည်း ရိုးရာယဉ်ကျေးမှု၊ ပွဲလမ်းသဘင်များတွင် ရိုးရာအကများ၊ သီချင်း သီဆိုတင်ဆက်ဖျော်ဖြေမှုများ ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝ မရှိ ပါ။ ခိုးဆိုးလုယက်မှုများ၊ ရာဇဝတ်မှုများမရှိပါ။ အကြောင်းတစ်စုံတစ်ရာရှိပါက မြို့နယ်ရဲစခန်း၊ တိုက်နယ်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပါသည်။

### (ခ)　စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ဝါးပတောကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်း အဝယ်သမားများဖြစ်ကြပြီး ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်သူထက် ကျပန်းနေ့စား အလုပ်သမားများ၊ ပြည်ပသွားရောက်လုပ်ကိုင်သူများရှိကြသည်။ မြေယာမဲ့အိမ်ထောင်စုများ အတွက် ဒေသတွင်းလုပ်ငန်းများဖန်တီးပေးနိုင်ပါက လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါ သည်။ အလွန်ဆင်းရဲသောမိသားစုမှာ ရွာရှိအိမ်ထောင်စုထက်ဝက်ကျော်ဖြစ်ပါသည်။

ဝါးပတောကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ (၅၁)%ရှိပြီး ရာသီအလိုက်စိုက်ပျိုးရေး လုပ်ငန်းများတွင် နေ့စားအလုပ်အား လုပ်ကိုင်ကြပြီး ကျပန်းလုပ်သားများ၊ တစ်ပိုင်တစ်နိုင်မွေးမြူ

ရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း၊ လက်လီခေါင်းရွက်ဖြတ်ထိုးလုပ်ငန်းများ၊ ပန်းရံ၊ လက်သမားများ စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသည်။



ဝါးပတောကျေးရွာတွင် မိုးစပါး(၁)ကေ ပျမ်းမျှအထွက်နှုန်းမှာ (၇၀)တင်းရှိပြီး၊ ဆောင်း စပါး (၁)ကေ ပျမ်းမျှအထွက်နှုန်းမှာ (၉၀)တင်း၊ မတ်ပဲ(၁)ကေပျမ်းမျှအထွက်နှုန်းမှာ (၈)တင်းနှုန်း ထွက်ရှိကြပါသည်။ မိုးစပါးနှင့်မတ်ပဲစိုက်ပျိုးသူများပြားသော်လည်း အထွက်နှုန်းအသင့်အတင့်သာ ရှိပြီး ဆောင်းစပါးစိုက်ပျိုးသူအနည်းစုသည် အထွက်နှုန်းကောင်းပါသည်။

မွေးမြူရေးလုပ်ငန်းတွင် မြေနေရာအလုံအလောက်ရှိခြင်း၊ စိတ်ဝင်စားမှုရှိခြင်း စသည့် အခွင့် အလမ်းကောင်းများရှိသော်လည်း ငွေအရင်းအနှီးနှင့် နည်းပညာသိရှိမှုအားနည်းသဖြင့် တစ်ပိုင် တစ်နိုင်သာမွေးမြူကြပါသည်။ အဓိကမွေးမြူသောတိရစ္ဆာန်များမှာ ဝက်၊ ကြက်၊ ငါးတို့ဖြစ်ကြပြီး ရံဖန်ရံခါတွင် တိရစ္ဆာန်ရောဂါများကျရောက်တတ်ပါသဖြင့် မွေးမြူရေးလုပ်ငန်းကို အဟန့်အတား ဖြစ်စေပါသည်။ တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကိုလည်း အလွယ်တကူမရရှိကြသဖြင့် စိန်ခေါ်မှုတစ် ရပ်ဖြစ်နေပါသည်။

ဝါးပတောကျေးရွာသည် ဓနုဘေး-သက္ကယ်ကျွန်းလမ်းမကြီးနှင့် စစ်ကုန်း-ကြာအင်း လမ်းမကြီးဆုံရာတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ဒေသထွက်ကုန်များ အား တိုက်ရိုက်မြို့သို့ရောင်းချနိုင်ပါသည်။ ဒေသထွက်ကုန်များအား ကျေးရွာသို့အရောက် လာရောက်ဝယ်သူများလည်းရှိပါသည်။ ကွမ်း၊ နနွင်း၊ ပိန်း၊ ရှမ်းနံ့နံ့ စသည့်ကုန်များလည်း ထွက်ရှိ ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအိမ်ထောင်စုများအတွက် ပုံမှန်ဝင်ငွေရအလုပ်အကိုင် နည်းပါး၍ တစ်ရပ်တစ်ကျေးတွင် အလုပ်လုပ်ကိုင်နေကြသူများလည်းရှိသည်။ ပြည်ပတွင် သွားရောက် လုပ်ကိုင်သူများလည်း ရှိပါသည်။

**(ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

ဝါးပတောကျေးရွာသည် ဇလွန်မြို့နှင့် (၈)မိုင်ကွာဝေးပြီး ဓနုဖြူမြို့နှင့် (၁၃)မိုင်ကွာဝေးပါ သည်။ ဓနုဘေး-သက္ကယ်ကျွန်းလမ်းမကြီးနှင့် စစ်ကုန်း-ကြာအင်းလမ်းမကြီးတို့ စုံစည်းရာတွင် တည်ရှိပါသည်။ ရွာလယ်လမ်း(၂)လမ်းအနက် ဓနုဘေး-သက္ကယ်ကျွန်းလမ်းမှာ ကျောက်ချောလမ်း ဖြစ်ပြီး၊ စစ်ကုန်း-ကြာအင်းလမ်းမှာ (၂)ပေအကျယ် ကျောက်ပြားလမ်းဖြစ်ပါသည်။ ကျေးရွာချင်း ဆက်လမ်းများမှာလည်း ကျောက်ပြားလမ်းနှင့် ကျောက်ခင်းလမ်းများဖြစ်ကြ၍ သွားလာရေး အဆင်ပြေပါသည်။ ကျေးရွာရှိရွာလယ်လမ်းမှာ ပေအရှည်(၃၈၅၀)ရှိပြီး (၁၀)ပေအကျယ်မြေသား လမ်းပေါ်တွင် (၁ပေခွဲ)ကျောက်ပြားခင်းထားပါသည်။ ကျေးရွာတွင် ကျေးရွာတွင်းလမ်း (၃၈၀၀ပေ) အတိုင်းအတာမြေသားလမ်းရှိပါသည်။ ၎င်းလမ်းသည် ကျေးရွာသူကျေးရွာသားများ အသုံးပြု များသောလမ်းတစ်လမ်းဖြစ်သည့်အတွက် ၎င်းလမ်းအား ရာသီမရွေးသွားလာနိုင်ရေး အကျယ်(၃)ပေ၊ ထု(၄)လက်မဖြင့် ကျောက်ပြားလမ်း ဆောင်ရွက်လိုကြသည်။

ကျေးရွာတွင် ကွန်ကရစ်တံတား(၃)စင်း ရှိပါသည်။ ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ အတွက် ဆိုင်ကယ်၊ ထော်လာဂျီ၊ လိုင်းကားအစရှိသည့်ယာဉ်တို့ဖြင့် ဓနုဖြူဈေး၊ ဇလွန်ဈေးတို့ကို လွယ်ကူစွာ သွားလာနိုင်ပါသည်။ ဆိုလာနှင့် ဘက်ထရီအိုးကို အများဆုံးအသုံးပြုကြပြီး အချို့အိမ် ထောင်စုများမှာ ဖယောင်းတိုင်မီးများကို အသုံးပြုပါသည်။ မဟာဓါတ်အားလိုင်းရရှိပါက ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး အစစဖွံ့ဖြိုးတိုးတက်လာမည်ဟု လေ့လာသုံးသပ် တင်ပြပါသည်။ ဝါးပတောကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ အရက် သေစာသောက်စားခြင်း အနည်းအကျဉ်းမျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ၊ ရာဇဝတ်မှုများ



မရှိပါ။ အကြောင်းတစ်စုံတစ်ရာရှိပါက (ဥပမာ-သဘာဝဘေးအန္တရာယ်ဖြစ်သော မီးဘေးကျ ရောက်ခြင်း)တို့အတွက် ကျုံရှုမီးသတ်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် ကျုံရှုရဲစခန်းရှိသ ဖြင့် ဆက်သွယ်အကြောင်းကြားကာ အကူအညီ ရယူနိုင်ပါသည်။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးနှင့်အင်တာနက်အသုံးပြုနိုင်မှုများမှာလည်းကောင်းမွန်ပါသည်။ ဘဏ်များ နှင့်ချိတ်ဆက်၍လည်း ဘဏ်လုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ဝါးပတောကျေးရွာတွင် လယ်သမားအများစုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုး ရေးချေးငွေ(အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏လေးပုံတစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း၁.၅ကျပ်နှုန်း)နှင့် UNDP ချေးငွေ(အတိုးနှုန်း၂.၅ကျပ်နှုန်း)တို့ဖြင့် စားဝတ်နေရေး၊ တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင် ရာကိစ္စရပ်များအတွက် ချေးယူသုံးစွဲကြောင်း တွေ့ရပါသည်။ လေ့လာဆန်းစစ်ချက်များအရ ဆင်းရဲ သောအိမ်ထောင်စုများအတွက် အကြွေးတင်ရှိမှုအနည်းငယ်ရှိကြောင်း တွေ့ရပါသည်။

## (င) ပညာရေး

ဝါးပတောကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းကို ဆောက်လုပ်ထားပါသည်။ ကျောင်းဆောင်ကြီးမှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း ကျောင်းဆောင်ဖြစ်ပြီး စုစုပေါင်းကြမ်းခင်း ဧရိယာမှာ(၅၅၈၀)စတုရန်းပေရှိပါသည်။ ကျောင်းအိမ်သာသည် တိုက်ခန်း(၂)ခန်းတွဲ(၁)လုံးနှင့် (၃)ခန်းတွဲ(၁)လုံးရှိပြီး လုံလောက်မှုရှိပါသည်။ ကျောင်းဆရာ၊ ဆရာမ(၁၀)ဦးနှင့် အထွေထွေလုပ် သား(၁)ဦး၊ စုစုပေါင်း(၁၁)ဦးရှိသောကြောင့် ဆရာ/တပည့်အချိုး ကိုက်ညီစွာရှိပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေ အနည်းငယ်သာရှိပါသည်။ ကျောင်းသားကျောင်းသူဦးရေစုစုပေါင်း(၂၂၀)ဦး ပညာသင်ယူလျှက်ရှိပါသည်။ အထက်တန်းပညာရေးတွင် (၂၂)ဦး၊ တက္ကသိုလ်ပညာရေးတွင် (၁၂)ဦး ရှိပါသည်။ ကျေးရွာတွင်

ဘွဲ့ရပြီးဦးရေ(၈)ဦးရှိပါသည်။ ကျေးရွာတွင် ရွာခံကျောင်းဆရာမ(၂)ဦးနှင့် ကျောင်းလုပ်သား(၁)ဦး၊ အခြားဒေသတွင်သွားရောက်တာဝန်ထမ်းဆောင်နေသည့် ကျောင်းဆရာမ (၁)ဦးရှိပါသည်။

ကျေးရွာတွင် ဆောက်လုပ်ရေးကျွမ်းကျင်လုပ်သားများ၊ စက်ပြင်လူငယ်များ၊ အမျိုးသမီး စက်ချုပ်လူငယ်များရှိကြပြီး အခါအားလျော်စွာ တစ်ရပ်တစ်ကျေးသို့ထွက်၍ အလုပ်လုပ်ကိုင်သူ လည်းရှိပါသည်။

ကျေးရွာတွင် ပညာရေးကဏ္ဍ၌ မိဘဆရာအသင်း၊ ရပ်မိရပ်ဖအသင်း၊ ကျောင်းကော်မတီ အသင်းများနှင့် ရွာသူရွာသားများပူးပေါင်း၍ ကျောင်းတိုးတက်ရေးလုပ်ငန်းများကို အတူတကွ လုပ်ဆောင်ကြပါသည်။ စာတတ်မြောက်မှုနှုန်း များပြားလာစေရန် ကျေးရွာရှိအိမ်ထောင်စုများ၏ဝင်ငွေ နှင့်စီးပွားရေးတိုးတက်မှုများပေါ်တွင် မူတည်နေပါသည်။ နှစ်စဉ်ကျောင်းသားကျောင်းသူဦးရေ ထပ်မံတိုးပွားလာသောကြောင့် စာသင်ခုံများ ဖြည့်တင်းပေးရန် လိုအပ်နေပါသည်။



**(စ)ကျန်းမာရေး**

ဝါးပတောကျေးရွာသည် ကျန်းမာရေးနှင့်ပတ်သက်၍ ကျုံရှုတိုက်နယ်ဆေးရုံမှ ဝန်ဆောင်မှု များ ရံဖန်ရံခါရရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအများစုသည် ကိုယ်ပိုင်တိုင်ကင် တွင်းရေကို အသုံးပြုကြပြီး အချို့တိုင်ကင်တွင်းများသည် ရေဝါများထွက်ရှိပါသဖြင့် သောက်သုံးရန် မသင့်ပါ။ သို့ပါ၍ သန့်ရှင်းသောသောက်သုံးရေအတွက် စက်ရေတွင်း(၁)တွင်း လိုအပ်ပါသည်။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်အထက် (၅၁)ဦး နှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၃၀)စုရှိသော်လည်း ဆိုးဆိုးရွားရွားထိခိုက်နိုင် သည့်အခြေအနေမျိုး မရှိပါ။ ကျန်းမာရေးကဏ္ဍတွင် တီဘီရောဂါဖြစ်ပွားသူအိမ်ထောင်စု (၃)စု ရှိ သော်လည်း သက်ရောက်မှုနိမ့်ကြောင်း တွေ့ရပါသည်။ ကျောင်းမနေသူ မွေးရာပါအရိုးပျော့ရောဂါ သည် မ(၁)ဦး၊ ကျား(၂)ဦး၊ စွံ့အနားမကြားသူ ကျား(၁)ဦး၊ မ(၁)ဦး ရှိပါသည်။ ထိုသူများအတွက် သီးသန့်ထောက်ပံ့ရေးအစီအစဉ်မျိုးမရှိကြောင်း တွေ့ရှိရပါသည်။ လူငယ်လူရွယ်များမှာ စာဖတ်အား နည်းပြီး အရက်သေစာသောက်စားသူ အသင့်အတင့်ရှိပါသည်။

ကျေးရွာတွင် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ မိုးဥတုတွင် သွေးလွန်တုတ်ကွေးရောဂါအနည်းငယ်ဖြစ်တတ်သည်။ မိခင်နှင့်ကလေးများအတွက် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ပေါင်ချိန်ခြင်းစသည့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိကြပါသည်။ စုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည် လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို သင်္ကန်းကျွန်းကျေးရွာအုပ်စု ကျန်းမာရေးဌာနခွဲတွင် လွယ်ကူစွာ သွားရောက်

ကုသနိုင်ပါသည်။ ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောဂါစသော ရောဂါများဖြစ်ပွားနှုန်း နည်းပါးကြောင်း တွေ့ရှိရပါသည်။

**(ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဝါးပတောကျေးရွာရှိ စပါး၊မတ်ပဲခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင် သည်။ စွန့်ပစ်ပစ္စည်းများဖြစ်သော ပလတ်စတစ်ဖူးခွံများစနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ဝါးပတော ကျေးရွာသည် မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးပါသည်။ ကုန်တွင်း ဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။

**(ဇ)ကျား – မ ရေးရာ**

ဝါးပတောကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုများ၊ အဓမ္မမှု၊ ခွဲခြားဆက်ဆံမှုစသည့်ကိစ္စများ မတွေ့ရပါ။ ကျားမလုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ လုပ်အားခနှုန်းထားကွာခြားမှုရှိသည်။ အမျိုးသားများတစ်နေ့တာလုပ်အားခနှုန်းထား(၅၀၀၀ကျပ် နှင့်၅၀၀၀ကျပ်အထက်)ရကြပြီး အမျိုးသမီးများမှာ တစ်နေ့တာလုပ်အားခ (၃၀၀၀ကျပ်)နှင့်အထက် ရကြသည်။ ပညာသင်ယူရေးဆိုင်ရာ အခွင့်အလမ်းများတွင် အမျိုးသားနှင့်အမျိုးသမီးတန်းတူ အခွင့်အရေးရကြပါသည်။

## ၅။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *လမ်းပန်းဆက်သွယ်ရေး* | | | | | |
| | ၁။ ကျေးရွာတွင်းလမ်း ကျောက်ပြားလမ်းခင်းခြင်း | ၁၀၀ | ၁ | –ကျေးရွာတွင်းလမ်းကျောက်ပြားလမ်းခင်းခြင်း (၃၈၀၀’x ၃’ x၃”) | ကျေးလက် ဦးစီး |
| *စိုက်ပျိုးရေး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ* | | | | | |
| | ၂။ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနိုင်မည့် လုပ်ငန်းများကူညီပံ့ပိုးဆောင်ရွက် ပေးခြင်း၊အတိုးနှုန်းသက်သာစွာ ဖြင့်ရင်းနှီးမတည်ငွေရရှိအောင် ဆောင်ရွက်ခြင်း | ၉၅ | ၂ | – အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနိုင်မည့် (စက်ရုံအလုပ်ရုံများ၊အိမ်တွင်းစက်မှုလုပ်ငန်းများ)ကူညီပံ့ပိုး ဆောင်ရွက်ပေးခြင်း၊အတိုးနှုန်းသက်သာစွာဖြင့် ရင်းနှီး မတည်ငွေရရှိအောင် ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီး |
| *မီးလင်းရေး* | | | | | |
| | ၃။ မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း | ၇၄ | ၃ | – ကျေးရွာတစ်ရွာလုံးမီးလင်းရေးအတွက်မဟာဓါတ်အား လိုင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း | လျှပ်စစ် ဌာန |

| | | | | | |
|---|---|---|---|---|---|
| **ကျန်းမာသန့်ရှင်းရေး** | | | | | |
| | ၄။စက်ရေတွင်းတူးဖော်ခြင်း | ၇၃ | ၄ | – သန့်ရှင်းသောသောက်သုံးရေအတွက်စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း | ကျေးလက် |
| ***လူငယ်အားကစား*** | | | | | |
| | ၅။ နေရာကျယ်ကျယ်နှင့် လူငယ်များအားကစား ပြုလုပ်ရန် မြေနေရာ စီစဉ် ပေးခြင်း | ၇၀ | ၅ | – နေရာကျယ်ကျယ်နှင့် လူငယ်များ အားကစား ပြုလုပ်ရန် မြေနေရာစီစဉ် ပေးခြင်း | အား/ကာ |
| ***ပညာရေး*** | | | | | |
| | ၆။ ကျောင်းအဆောက်အဦနှင့် ပရိဘောဂ၊ သင်ထောက် ကူပစ္စည်းများပြည့်စုံစေရန် ကူညီပံ့ပိုးဆောင်ရွက်ခြင်း | ၆၅ | ၆ | – ကျောင်းအဆောက်အဦနှင့် ပရိဘောဂ၊ သင်ထောက် ကူပစ္စည်းများပြည့်စုံစေရန် ကူညီပံ့ပိုးဆောင်ရွက်ခြင်း | |
| ***လူငယ်ဖွံ့ဖြိုးရေး*** | ၇။ စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း | ၆၀ | ၇ | –လူငယ်များစာပေဗဟုသုတတိုးပွားလာစေရန်နှင့်စာဖတ်စွမ်းရည်တိုးတက်လာစေရန်စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း | ပြန်/ဆက် ကျေးလက် |
| ***စိုက်ပျိုးရေး*** | ၈။ စိုက်ပျိုးရေးနည်းပညာရရှိ အသုံးပြုမှုတိုးတက်အောင် ဆောင်ရွက်ခြင်း | ၅၅ | ၈ | • မျိုးကောင်းမျိုးသန့်များ ရရှိရန်စုပေါင်းစီစဉ် ဆောင်ရွက်ခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | စိုက်ပျိုးရေး |

**သက္ကယ်ကျွန်းအုပ်စု၊ ဝါးပတောကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | ရွာတွင်းလမ်း တစ်နှစ်ပတ်လုံးအသုံး မပြုနိုင်ခြင်း | မြေသားလမ်းဖြစ်နေခြင်း | • လုပ်အား အသင့်ရှိနေခြင်း<br>ငွေကြေးအနည်းငယ်ထည့်ဝင်မှုရှိခြင်း | | ကျေးရွာတွင်းလမ်းကော်မတီ ဖွဲ့စည်းပြီးကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ရာသီမရွေးဆက်သွယ်သွားလာနိုင်စေရန် လမ်းအားကျောက်ပြား လမ်းအဆင့်မြှင့်တင်ခြင်း |
| ၂ | **စိုက်ပျိုး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • လူငယ်များအလုပ်လက်မဲ့များပြားခြင်း<br>ကုန်ဈေးအဆင့်မြင့်တိုးချဲ့အလုပ်လုပ်နိုင်မှုအားနည်းခြင်း | • အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း<br>• လူငယ်များအခြေခံပညာအားနည်းခြင်း<br>ဒေသတွင်းစက်ရုံ၊ အလုပ်ရုံများမရှိခြင်း | • ကျွမ်းကျင်လုပ်သားရှိခြင်း | အချိတ်အဆက်အားနည်းခြင်း | သက်ဆိုင်ရာမြို့နယ်ဌာနဆိုင်ရာများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအလုပ်အကိုင်များရရှိရေးချိတ်ဆက်ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းအထောက်အကူပြုနိုင်မည့် (စက်ရုံအလုပ်ရုံများ၊အိမ်တွင်းစက်မှုလုပ်ငန်းများ)ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း<br>• အတိုးနှုန်းသက်သာစွာဖြင့် ရင်းနှီးမတည်ငွေရရှိအောင်ဆောင်ရွက်ခြင်း |
| ၃ | **မီးလင်းရေး** | | | | | |
| | • လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း | • မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးခြင်း<br>• ငွေကြေးမတတ်နိုင်ခြင်း | • | ကျေးရွာတွင်လက်ရှိစုဆောင်းထားငွေမရှိခြင်း | လျှပ်စစ်ဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း | • မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း |
| ၄ | **ကျန်းမာသန့်ရှင်းရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • ဝမ်းပျက်ဝမ်းလျှော ရောဂါအဖြစ်များခြင်း | • သောက်သုံးရေမသန့်ရှင်းခြင်း<br>• ရေဝါများသောက်သုံးခြင်း | • လုပ်အားပေးနိုင်ခြင်း<br>• ငွေကြေးစု၍ ထည့်ဝင်နိုင်ခြင်း | • **ငွေကြေးမလုံလောက်ခြင်း** | • ကျန်းမာရေးဌာန၊ ရေအရင်းအမြစ်ဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ သန့်ရှင်းသောသောက်သုံးရေအတွက်စက်ရေတွင်းများတူးဖော်၍ ကျေးရွာမှထိန်းသိမ်းဆောင်ရွက်ခြင်း | • သန့်ရှင်းသောသောက်သုံးရေအတွက်စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း |
| ၅ | **လူငယ်အားကစား** | | | | | |
| | • လူငယ်များအားကစားပြုလုပ်ရန် မြေနေရာမရှိခြင်း | • ကျန်းမာကြံ့ခိုင်ရေး အသိပညာနည်းပါးခြင်း<br>• မြေနေရာမရှိခြင်း | • အားကစားစိတ်ဓါတ်ပြင်းထန်သောလူငယ်များ များပြားခြင်း | • မြေနေရာအလွတ်မရှိဘဲ သီးနှံများစိုက်ပျိုးထားခြင်း | • သက်ဆိုင်ရာအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ချိတ်ဆက်၍ နေရာကျယ် ကျယ်နှင့် လူငယ်များ အားကစားပြုလုပ် ရန်မြေနေရာစီစဉ်ပေးခြင်း | • နေရာကျယ်ကျယ်နှင့် လူငယ်များ အားကစားပြုလုပ်ရန် မြေနေရာစီစဉ်ပေးခြင်း |
| ၆ | **ပညာရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • ကျောင်းအဆောက်အဦနှင့်ပရိဘောဂများမလုံလောက်ခြင်း | • ဝါးအဆောက်အဦဆောက်ထားခြင်း<br>• အ.လ.ကကျောင်းအဆင့်တိုးမြှင့်သွားသဖြင့် ကျောင်းသားဦးရေများတိုးပွားလာခြင်း | • | • | • မိဘဆရာအသင်း၊ ပညာရေးဌာန၊ ကျေးလက်ဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ခြင်း | • ကျောင်းအဆောက်အဦနှင့်ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံစေရန် ကူညီပံ့ပိုးဆောင်ရွက်ခြင်း |
| ၇ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | • စာပေဗဟုသုတအားနည်းခြင်း | • စာဖတ်ခြင်းအလေ့အထမရှိခြင်း<br>• အလွယ်တကူဖတ်စရာစာအုပ်စာပေမရှိခြင်း | • စာကြည့်တိုက်ဆောက်လုပ်ရန်မြေနေရာသတ်မှတ်ထားခြင်း | • ငွေကြေးတတ်နိုင်မှုအားနည်းခြင်း<br>• ဆက်သွယ်ရန်ခက်ခဲခြင်း | • ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း | • စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း |
| ၈ | **စိုက်ပျိုးရေး** | | | | | |
| | • နည်းပညာအသုံးပြုနိုင်မှုအားနည်းခြင်း<br>• ပိုးနှင့်ရောဂါကျခြင်း<br>• မျိုးကောင်းမျိုးသန့်မလုံလောက်ခြင်း | • မျိုးသန့်ပွားနည်းပညာမသိရှိခြင်း | • | • | • ဝန်ဆောင်မှုပြည့်ဝစွာရရှိရန် စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်၍ ဆောင်ရွက်ခြင်း | • မျိုးကောင်းမျိုးသန့်များရရှိရန်စုပေါင်းစီစဉ်ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေးနည်းပညာများရရှိအသုံးပြုမှုတိုးတက်အောင်ဆောင်ရွက်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၈ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၂၅ | ၄၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၄၀ | ၆၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၁ | ၃၀ | ၇၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၄ | ၂၆၂ | ၄၇၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၃၃ | ၅၁ |
| **စုစုပေါင်း** | | **၃၂၂** | **၃၉၈** | **၇၂၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၇၅** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ဝါးပတောကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၇၅)အိမ်၊ လူဦးရေစုစုပေါင်း (၇၂၀)ဦး ရှိပါသည်။ အမျိုးသားဦးရေ(၄၅)%၊** အမျိုးသမီးဦးရေ(၅၅) %ရှိသဖြင့် အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေအောက်(၁၀)%ပိုနည်းသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ် ကျောင်းသားကျောင်းသူ (၁၈)% ရှိပါသည်။အလုပ်လုပ်နိုင်သည့်အရွယ်(၁၅နှစ်မှ ၆၄နှစ်အထိ) (၆၆)% ရှိပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| **လယ်မြေ** | ၃၀၄.၃၀ | **သင့်** | **ရ** | **မြေအောက်ရေ၊ ချောင်း** |
| **ယာမြေ** | - | | | |
| **ဥယျာဉ်ခြံမြေ** | ၈၇.၁၅ | **သင့်** | **ရ** | **မြေအောက်ရေ၊ ချောင်း** |
| **အိမ်ခြံဝင်း စိုက်ခင်း** | | | | |
| **ကိုင်း/ကျွန်းမြေ** | ၁၅၉.၀ | **သင့်** | **ရ** | **မြေအောက်ရေ၊ မြစ်** |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စားကျက်မြေ | | | | |
| စုစုပေါင်း | ၅၅၀.၄၅ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊



မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ဝါးပတောကျေးရွာတွင် စပါးစိုက်ကေပမာဏ ၃၀၀ဧက၊ ခြံစိုက်ဧက၈၀ဧကကျော်နှင့် ကိုင်းကျွန်းသီးနှံစိုက်ဧက ၁၅၀ ဧကကျော်ရှိပါသည်။ နွေစပါး စိုက်ပျိုးရာတွင် မြေအောက်ရေနှင့်ချောင်းရေတို့ဖြင့် ကိုင်းတောင်သူများသည် စားပြောင်းနှင့်အစေ့ ထုတ်ပြောင်းစိုက်ပျိုးရာတွင် မြစ်ရေ၊ချောင်းရေ၊တို့ကိုအဓိကထား၍ စုတ်ယူအသုံးပြုကြသည်။ နွေစပါး စိုက်သူများမှာ အင်းရေ၊ မွေးမြူရေးကန်ပျက်မှရေဖြင့် ၅ပွင့်ဆိုင် ၃ပွင့်ဆိုင် တွင်းများတူး၍ ရေကိုစုတ်ယူ သုံးစွဲကြသည်။ လောင်စာဆီ ဈေးကြီးသဖြင့် နွေစပါးကို စီးပွားဖြစ်မလုပ်နိုင်ပါ။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လွယ် |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | လွယ် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | မရှိ | လွယ် |
| ပျှမ်းမျှအပူချိန် – ၃၂ | ပျှမ်းမျှ မိုးရေချိန် – ၄၀ လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ဝါးပတောကျေးရွာမှ သဘာဝဓါတ်ငွေ့ မထွက်ရှိ

သော်လည်း ရေနံနှင့်ဓါတ်ငွေ့တို့ကို လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ပါသည်။ တောတိရစ္ဆာန်မျိုးစိတ် မရှိပါ။ လူနှင့်တိရစ္ဆာန်တို့အတွက် အသုံးဝင်သော ဆေးဖက်ဝင်အပင်များလည်းမရှိပါ။ မြို့နှင့်နီးသော ကျေးရွာဖြစ်သဖြင့် အလွယ်တကူဝယ်ယူအသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။



(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

